မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F___ Volume 7/Issue 11 /November / 2014




## ကျေးဇူးတော်ကြီးလှပါ၏

ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု ကာလအစဉ်မပြတ် ဝန်ခံကြလော့။ ဧ၅း၂၀

လူ့ဘဝအသက်တာ တစ်လျှောက်လုံးတွင်၊ အဘဘုရားသခင်သည် စဉ်မြဲအဆက်မပြတ် ကောင်းကြီးဆုများစွာ ချပေး၍၊ ကျွန်ုပ်တို့အား ကျေးဇူးပြုတော်မူပါ၏။ ကျွန်ုပ်တို့မှာ ထိုက်တန်၍ မဟုတ်ပါ။ ကျွန်ုပ်တို့အား ကျေးဇူးပြုရန်အကြောင်းမရှိသော်ငြားလည်း ဘုရားသခင်သည် ကျေးဇူးပြုနေမြဲဖြစ်သည်။ မယုံမရှိကြနှင့်။ အမှန်အကန်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၍၊ အပြစ်ကိုဖြေတတ်သောဘုရား၊ သနားခြင်းချစ်မေတ္တာ ကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်းနှင့် ကြွယ်ဝသောဘုရား ဖြစ်တော်မူသောကြောင့်ဖြစ်သည်။ ဆုကျေးဇူးကောင်းကြီး မြောက်များစွာ ပေးသော အဘဘုရားသခင်သည် ကျေးဇူးသိတတ်သော စိတ်သဘောကိုလည်း ကျွန်ုပ်တို့ အယောက်စီတိုင်းအား ထပ်ဆင့်ပေးထားပါသည်။

တစ်လုပ်စားဘူး – သူ့ကျေးဇူး ဆိုရိုးစကား ရှိပါ၏။ လောကီလူ့ဘုံတွင်၊ ကျေးဇူးခံစားရလည်း လူလူချင်း အတူတူ၊ ကျေးဇူးကိုသိတတ်သောသူ ရှိကြပါ၏။ ကျေးဇူးကို မသိတတ်သောသူကား များပြား၏။ ထိုသူ အများတို့ထဲမှာ ကျေးဇူးကို သိတတ်၍ ကျေးဇူးဆပ်သော သူမှာ မူကား အလွန်ရှားပါး၏ဟု စာဆိုသုခမိန်တစ်ဦး ပြောကြားခဲ့ပါသည်။

ကျွန်ုပ်တို့ ကိုးကွယ်ယုံကြည်သော အနန္တတန်ခိုးတော်ရှင် ထာဝရအဘဘုရားသခင်ကို ကျွန်ုပ်တို့အားလုံးသည် ကျေးဇူးကို သိတတ်သောသဘောဖြင့် ကျေးဇူးတော်ကို ချီးမွမ်းရပါမည်။ ဤကား လူသားခပ်သိမ်းတို့၏ တာဝန်ဖြစ်၏။ ကျေးဇူးတော်ချီးမွမ်းတတ်သော နှလုံးသားရှိလေမှ ဝမ်းမြောက်ရွှင်လန်း ပြည့်စုံသော အသက်တာ ဖြစ်မည်။

# 2014, November Events



NOVEMBER 2014

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| 30 | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |

***Holy Communion Sunday***

*11/ 02/ 2014*

~~~~~~~~~~~~~~~

***B.C.F. Official Board Meeting***

*11/ 09/ 2014*

~~~~~~~~~~~~~~~

***Christian Home & Family Sunday***

*11/ 23/ 2014*

~~~~~~~~~~~~~~~

***Thanksgiving Worship Service***

*11/ 27/ 2014*

~~~~~~~~~~~~~~~

***Regular Sunday Worship Service***

*11/ 30/ 2014*

~~~~~~~~~~~~~~~

***Every Service on Sunday 2:00PM***
***at St. Luke's Episcopal Church***
***122 S. California Ave.***
***Monrovia, CA 91016***
~~~~~~~~~~~~~~~




You are invited
to
Christian Home and Family Sunday

Date … November 23, 2014
Time … 2:00 PM
Place … St. Luke's Episcopal Church
122 S. California Ave.
Monrovia, CA 91016

Sermon … Rev. Livingstone Zan

Please join us

* Please join us at the hospitality table after the Service *




You are invited
to
B.C.F. Thanksgiving Day Service

Date … November 27, 2014
Time … 2:00 PM
Place … St. Luke's Episcopal Church
122 S. California Ave.
Monrovia, CA 91016

There will be "He Calms the Storm" PowerPoint Slide Show presentation.

Please join us

* After the Service, we will gather at B.C.F Thanksgiving Potluck Dinner *

## The family

The family is sent to bond the ties between all family members.

The family members also increase the bond and love between the members.

"Family is one who is there for one another at each and every step of life. So come together my family for a famous family reunion and let us make this binding more strong and deep."

"A family is all one has in their life, the family members being there for one another at every moment of life. Live every family bond with full of love and care for every family member and your days will always be joyful as ever."

## Give Thanks

"Now therefore, our God, We thank You
And praise Your glorious name.
1 Chronicles 29:13

Be anxious for nothing, but in everything by prayer and supplication, with thanksgiving, let your requests be made known to God; [7] and the peace of God, which surpasses all understanding, will guard your hearts and minds through Christ Jesus.
Philippians 4:6

Give thanks in all circumstances; for this is God's will for you in Christ Jesus.
1 Thessalonians 5:18

# ချီးမွမ်းတတ်သူဖြစ်စေပါ



သခင်ဘုရား၊
တပည့်တော်ရဲ့ . . . ဘဝမှာလေ
စုံစမ်းခြင်းများ . . . ကြုံတွေ့ရင်ဆိုင်
ဖြတ်ကျော်ဖို့ရန် . . . မဖြစ်နိုင်မှန်း
ထင်ရှိနေခိုက်

သခင်ဘုရား . . . ကြွပါယခု
အော်ဟစ်ခေါ်ယူ . . . လွှန်၍မသွား
တောင်းပန်ဖွင့်ဟ … လက်တွင်းသို့အပ်။

သခင်ဘုရား . . . မေတ္တာစိတ်ဖြင့်
တပည့်တော်ပေါ် . . . လက်တော်ဆန့်တန်း
လွတ်မြောက်ရာလမ်း . . . ညွှန်ပြပေးခဲ့။



သခင်ဘုရား . . . တန်ခိုးတော်ဖြင့်
မကောင်းမှုမှ . . . ချမ်းသာလမ်းသို့
ရောက်သည့်တိုင်အောင်

သခင်ဘုရား၊
ကိုယ်တော်ပေးသနား . . . ကောင်းချီးများအတွက်
တပည့်တော်ရဲ့. . . သက်တာလမ်းမှာ
နေ့ရက်စဉ်တိုင်း . . . ကျေးဇူးတော်ကို
ချီးမွမ်းတတ်သူ ဖြစ်စေမူပါ ။

ချစ်တပည့်
♠ Smile



A Prayer of gratitude for your Thanksgiving Feast

# A Thanksgiving Prayer

"O God, when I have food,
help me to remember the hungry;
When I have work,
help me to remember the jobless;
When I have a home,
help me to remember those who have no home at all;
When I am without pain,
help me to remember those who suffer,
And remembering,
help me to destroy my complacency;
bestir my compassion,
and be concerned enough to help;
By word and deed,
those who cry out for what we take for granted.
Amen."

Samuel F. Pugh

Happy Thanksgiving

## Interesting Facts about NOVEMBER

November is the 11th month of the year and one of four months with a length of 30 days. November was the ninth month of the ancient Roman calendar and has retained its name from the Latin novem meaning nine.

November starts on the same day of week as March every year.

November comes between the fall and winter months. The leaves are almost completely gone from the trees, and the rest have lost most of their color.

The crops have been harvested and either put in storage, or sent to processing plants or mills.

Topaz is one of the birthstones for November. Topaz is found in many colors, but it is the orange-yellow topaz that is the traditional birthstone for November. Topaz is a symbol of friendship.

The flower for the month of November is the chrysanthemum. The word chrysanthemum comes from the Greek words chrys and anthemum. Chrys means golden, the original color of the chrysanthemum, and anthemum means flower. The symbols of the chrysanthemum are optimism and joy.

The crops have been harvested and either put in storage, or sent to processing plants or mills.

November was called 'Windmonath' (wind month) or 'Blotmonath' (blood or sacrifice month) by the ancient Saxons because that was the month they sacrificed animals to their gods.

ALL SAINT'S DAY is celebrated on November 1st.

VETERANS DAY is celebrated on November 11th.

THANKSGIVING is celebrated on the fourth Thursday of November.

ELECTION DAY is on the first Tuesday after the first Monday in November.




*ဟေဗြဲ ၆း၁၉။ ထိုမျှော်လင့်ခြင်းမှုကား ကုလားကာအတွင်း၌ ချထား၍ မြဲမြံခိုင်ခံ့သော စိတ်နှလုံး၏ကျောက်ဆူးကဲ့သို့ ငါတို့၌ရှိသတည်း။*

*ဆာလံကျမ်း ၁၀၇း၂၈–၃၀။ ဆင်းရဲခံရသောအခါ ထာဝရဘုရားကို အော်ဟစ်၍ ဆင်းရဲဒုက္ခထဲက ထုတ်ဆောင်တော်မူ၏။ လေပြင်းကို ပျောက်စေတော်မူ၍ လှိုင်းတံပိုးများလည်း ငြိမ်ဝပ်ကြ၏။ ထိုသို့ ငြိမ်ဝပ်သောကြောင့် သူတို့သည် ဝမ်းမြောက်ကြ၏။ အလိုရှိရာ သင်္ဘောဆိပ်သို့ ပို့ဆောင် တော်မူ၏။*

ကျွန်ုပ်တို့သည် ဤလောက၌ အသက်ရှင်စဉ်၊ လူ့လောက ဘဝလမ်းခရီးကို လောကပင်လယ်ထဲ၌ ပန်းတိုးတိုင်ဖြစ်သည့် ကောင်းကင်ဘုံကမ်းခြေ (Heavenly Shore) သို့ ခုတ်မောင်းသွားနေသော လှေသင်္ဘောတစ်စီးနှင့် တူသည်ဟု တင်စားကြသည်။ ပြောဆို ကြသည်။ ခေါ်ဝေါ်ကြသည်။ ထိုသို့ လောကပင်လယ်ထဲ၌ သွားနေစဉ် တခါတရံ ဤလှေသင်္ဘောကို ခုတ်မောင်းရသည်။ ခရီးပေါက်ရန်အတွက် ခရီးနှင်ရသည်။ တခါတရံ လမ်းခရီးတွင်ရှိသော အချို့သင်္ဘောဆိပ်၌ လိုအပ်သလိုကျောက်ချ၍ နားရသည်။ ဤသို့ နားနေစဉ် အချိန်ရှိခိုက် လုံ့လစိုက်၍ အစာရေစာ ဖြည့်တင်းပေးရသည်။ လောင်စာဆီ ဖြည့်တင်း ပေးရသည်။ လိုလိုမယ်မယ် လှောင်ထားရမည့် မရှိမဖြစ်၊ လိုအပ် သော အပိုပစ္စည်းများ (Spare Parts) ကိုလည်း ဖြည့်တင်းရသည်။ သိုလှောင်ရသည်။ ဤကဲ့သို့ လှေသင်္ဘောရပ်နား၍ လသာတုန်း ဗိုင်းငင်တဲ့အချိန်၌ လိုအပ်သော ကိစ္စများကို နောက်စံမတင်းဘဲ စိတ်ချလက်ချ ဖြောင့်ဖြောင့်ဖြူးဖြူး ချောချောမွေ့မွေ့ ဆောင်ရွက်နိုင်ရန်အတွက် ဤလှေသင်္ဘောသည် ရိုက်ပုတ်လာသော ပင်လယ်ရေလှိုင်း များနှင့်လိုက်၍ မျောပါမသွားဘဲ တစ်နေရာတည်းတွင် လုံလုံခြုံခြုံ၊ ခိုင်ခိုင်မြဲမြဲ၊ အတည်တကျ ရှိနေဖို့လို ပါသည်။ ဤကဲ့သို့ရှိနေစေရန် ကျောက်ဆူး (Anchor) ကိုအသုံးပြု၍ လှေသင်္ဘောကိုကျောက်ချထားရပါသည်။

ဒါဆို ကျောက်ဆူး ဆိုဒါဘာလဲ။ ဘာနဲ့ပြုလုပ်ထားသ
အလွန်လေးသောသတ္တု ဖြင့်ပြုလုပ် သည်။ ကျောက်ကဲ့သို့ အလွန်ခိုင်ခံ့တည်မြဲသောဝတ္ထုပစ္စည်းတခုခု သို့တည်းမဟုတ် ပင်လယ် အောက်ကြမ်းပြင်ကို ခြစ်ကုတ်ထားနိုင်ရန် ဆူး သို့မဟုတ် ချိတ်များပါသော ကရိယာ တစ်ခုဖြစ် သည်။ ဤကျောက်ဆူးနှင့် လှေသင်္ဘောတို့ကို အလွန်ခိုင်ခံ့သော ချိမ်းကြိုးဖြင့် ဆက်သွယ်ထား သည်။ ချည်နှောင်ထားသည်။



ထိုသို့ပြုလုပ်ခြင်းအားဖြင့် ကျောက်ဆူးကို လှေသင်္ဘောမှ ပင်လယ် ထဲလိုအပ်သလို အတင်အချ ပြုလုပ်နိုင် ပါသည်။ လေပြင်းမုန်တိုင်း တိုက်ခတ် လာသောအခါ ကျောက်ချထားသော လှေသင်္ဘော သွေဖည် မသွားအောင်၊ မျောပါ မသွားအောင်၊ လွတ်ထွက် မသွားအောင် နေရာတခု၌ မြဲမြဲမြံမြံ ပိုင်ပိုင် နိုင်နိုင် ချုပ်ထိန်းထားနိုင်ရန်အတွက် အဓိက အရေး ကြီးဆုံးမှာ အသုံးပြုသော ကျောက်ဆူးပင်ဖြစ်သည်။ ထိုနည်းတူ ဘဝပင်လယ်ထဲ၌ ကျွန်ုပ်တို့၏ လှေသင်္ဘော ကျောက်ချနားနေစဉ် ကံဆိုးမိုးမှောင်ကျ၍ တိမ်ထူထပ်လာမည်။ မိုးသည်းထန်စွာ ရွာသွန်းလာမည်။ လောကမုန်တိုင်း ပြင်းပြင်းထန်ထန် တိုက်ခတ်လာမည်။ လှိုင်းတံပိုးထလာမည်။ အဲဒီအခါမှာ သင်အသုံးပြုတဲ့ကျောက်ဆူးသည် သင့်လှေသင်္ဘောကို နေရာမရွှေ့အောင်၊ ရိုက်ပုတ်လာသော ပင်လယ်ရေလှိုင်း နှင့် လိုက်၍ မျောပါမသွားအောင် မြဲမြဲမြံမြံ၊ လုံလုံခြုံခြုံ၊ ခိုင်ခိုင်မာမာ၊ ဆုပ်ကိုင်ထိန်းချုပ် ထားနိုင်မည်လား။ ငွေကြေး (Money) ဟူသော ကျောက်ဆူး၊ အသိပညာ၊ အတတ်ပညာ (Knowledge) ဟူသောကျောက်ဆူး၊ အလုပ်ကြိုးစားခြင်း (Hard work) ဟူသော ကျောက်ဆူး၊ စိတ်နေသဘောထား (Attitude) ဟူသော ကျောက်ဆူး၊ စသည့် လောကကျောက်ဆူးတို့ကို အသုံးပြုမည်လော။ တခါတရံ ငွေရေးကြေးရေးနှင့် ပတ်သက်လာလျှင် “မှန်းချက်နှင့် နမ်းထွက်မကိုက်” ဖြစ်ကာ ငွေကြေး ဆုံးရှုံးသွားနိုင်သည်။ အသိပညာ၊ အတတ်ပညာသည် “ပညာရဲရင့်၊ ပွဲလယ်တင့်” စေသော်လည်း “တတ်ပြီး ပညာမလေ့လာ၊ မကြာမရှည် ပျောက်တတ်သည်။” ဟူသော စကားပုံအတိုင်း အသိပညာ၊ အတတ်ပညာ ပျောက်သွားနိုင်သည်။ ခေတ်တုံးသွားနိုင်သည်။ သဘာဝဘေးဒါဏ် အပါအဝင် ဘေးဒါဏ် အမျိုးမျိုးကြောင့် ကိုယ်ကြိုးစားခဲ့သမျှ သဲထဲ ရေသွန်သလို ခဲလေသမျှ သဲရေကျ သွားနိုင်သည်။ စိတ်နေသဘောထားသည်လည်း အခြေအနေနှင့်လိုက်၍ ပြောင်းလဲနိုင်သကဲ့သို့ အချိန်နှင့်လိုက်၍ လည်းပြောင်းလဲနိုင်ပါသည်။ ဤကဲ့သို့ ဖြစ်လာသောအခါ လောကမုန်တိုင်းဒါဏ်ကြောင့် သင့်လှေသင်္ဘော ဖြစ်သည့် စိတ်ဝိဉာဉ်သည် လူးလူးလိမ့်လိမ့် လှုပ်လှုပ်ရှားရှားနှင့် မျောပါသွားမည်။ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်လာမည်။ ကြာလျှင် လက်ပမ်းကျလာ၍ လက်မြှောက် အရှုံးပေးမည်။ သင်အသုံးပြုသောလောက ကျောက်ဆူးများသည် သင်ငြိမ်သက်ခြင်း ရအောင် မြဲမြံစွာ လုံခြုံစွာ ခိုင်မြဲစွာ ထိန်းပေးထားနိုင်မည်မဟုတ်။ အထိရောက်ဆုံး၊ အကောင်းဆုံး၊ အတည်မြဲဆုံး၊ အလုံခြုံဆုံး၊ ကျောက်ဆူးကတော့ ဟေဗြဲ ၁၃း၈ အရ မနေ့၊ ယနေ့၊ နောင်ကာလအစဉ်အမြဲ မပြောင်းမလဲ နေတော်မူသည့် ယေရှုခရစ် ပေးတော်မူသောမျှော်လင့်ချက်ပင်ဖြစ်သည်။ ဟေဗြဲ ၆း၁၉ အရ ထိုမျှော်လင့်ချက်သည် ကျွန်ုပ်တို့ဘဝအတွက် ချထားသည့်လုံခြုံခိုင်ခန့်သော ကျောက်ဆူးပင်ဖြစ်ပါသည်။

**မာလခိအနာဂတ္တိကျမ်း ၃ း ၆ –** ***ငါသည်ထာဝရဘုရား ဖြစ်၏။ ပြောင်းလဲခြင်းမရှိ။***

ယေရှုခရစ်ပေးတော်မူသောမျှော်လင့်ချက်ကျောက်ဆူးကို ယုံကြည်ခြင်းဟူသော ချိမ်းကြိုးဖြင့် ကျွန်တော် ကျွန်မတို့တယောက်စီ၏ စိတ်ဝိဉာဉ်ဖြစ်သည့်လှေသင်္ဘော နှင့် မြဲမြံအောင် ခိုင်ခန့်အောင် လုံခြုံအောင် ချည်နှောင်ထားနိုင်မည်ဟုဆိုလျှင် လောကမုန်တိုင်း ပြင်းပြင်း ထန်ထန် တိုက်ခတ်လာသောအခါ စိတ်ဝိဉာဉ်သည် သုတ်သုတ်ပြာပြာ၊ တောင်ပြေးလိုက်၊ မြောက်ပြေးလိုက်၊ ဂဏာမငြိမ် လူးလိမ့်မနေတော့ဘဲ ထာဝရဘုရား ဟူသောကျောက်ကိုအခြေခံထားသည့် ယေရှုခရစ် ပေးတော် မူသောမျှော်လင့်ချက်ကျောက်ဆူးအားဖြင့် အဖိုးမဖြတ် နိုင်သောငြိမ်သက်

ခြင်း ရလာမည်။ ခေါင်းအေးအေးနှင့် နောက်ဆံမတင်းတော့ဘဲ ကိုယ်တော့် ထံမှရရှိသောခွန်အားနှင့် ကျေးဇူးတော်အားဖြင့် ကြုံရဆုံရသောပြဿနာ များကိုပို၍ထိရောက်စွာ ပိုင်နိုင်စွာ ဖြေရှင်းပေးသွားနိုင်မည် ဖြစ်သည်။

ကျော်ချ၍ လိုအပ်သည့်စားနပ်ရိက္ခာ လောင်စာပစ္စည်းများကို ဖြည့်ဆည်းပြီးသော အခါတွင် ပန်းတိုးတိုင်ဖြစ်သည့် ကောင်းကင်ဘုံကမ်းခြေသို့ခရီးဆက်ရန်ရှိပါသည်။ ထို သို့ခရီးဆက်သော အခါ ရေစီးတခါ၊ ရေသာတလှည့်၊ ပုံလုံတလှည့်၊ ငါးပျံသလှည့် ဟု ဆိုသလို တခါတရံ ရာသီဥတု သာယာသောအခြေအနေနှင့်ကြုံရမည်ဖြစ်သော်လည်း တခါတရံ ရာသီဥတု ဆိုးရွားသော အခြေအနေနှင့်ကြုံတွေ့ရမည်ဖြစ်သည်။ ပင်လယ်၌ အလွန်လှပသောနေဝင်နေထွက်ကို ရှုမြင်ခံစားနိုင်လောက်အောင် ရာသီဥတုသာယာ သောအခါ ကျွန်ုပ်တို့၏လှေသင်္ဘောသည် ရေစုန်ရွက်တိုက်သကဲ့သို့ ခရီးပိုတွင်ကျယ် မည်။ လုံ့လလည်းထူ၊ မိုးလည်းကူ၊ နွားချေးလည်းချ၊ ကံလည်းမ ဟုဆိုသကဲ့သို့ အဆင်ပြေ၍ အောင်မြင်မှုရသောအခါ ဘုရားမေ့၊ တရားမေ့ မဖြစ်အောင် ဘုရားသခင် ချပေးသော ကျေးဇူးတော်ကိုချီးမွမ်းဖို့ ပြန်လည်ပေးဆပ်ဖို့ အောက်မေ့သတိရဖို့ လိုပါသည်။ ဂေသရေမန်ဥယျာဉ်၌ ပြင်းပြစွာဝေဒနာခံစားရင်း ချွေးပေါက်တို့သည် သွေးစက်သဖွယ် မြေပေါ်သို့တတောက်တောက်ကျအောင် ဆုတောင်းသောယေရှုခရစ်၊ အသက်စွန့် သည့်တိုင်အောင် ကျွန်တော်ကျွန်မတို့တယောက်စီကို ချစ်သောယေရှုခရစ်၊ ကို အောက်မေ့သတိရဖို့လိုပါသည်။ အသင်းတော်၏ကားတိုင်၊ အားနည်းသောညီအစ်ကို မောင်နှမတို့၏ကားတိုင်ကို တတ်နိုင်သလောက် ဝိုင်းထမ်းပေးရန် အောက်မေ့သတိ ရဖို့လိုပါသည်။ ရာသီဥတု အစဉ်အမြဲ မသာယာနိုင်သလို၊ နေလည်းအမြဲမသာနိုင်။ လေကြီး၊ မိုးကြီး၊ လှိုင်းကြီးများနှင့်လည်းကြုံတွေ့နိုင်ပါသည်။



ဓမ္မာကျမ်းစာထဲ၌ ယေရှု ခရစ်နှင့်တပည့်တော်တို့ စီးသောလှေသင်္ဘော လေမုန်တိုင်းမိ၍ ယေရှုခရစ် လေမုန် တိုင်းကိုငြိမ်သက်စေသောဖြစ်ရပ်ကို ဓမ္မာကျမ်းသစ် မဿဲ ၈း၂၃–၂၇၊ မာကု ၄း၃၅–၄၄၊ နှင့် လုကာ ၈း၂၂–၂၅ တို့တွင်ဖော် ပြထားသည် သာမက ဓမ္မာကျမ်းဟောင်း ဖြစ်သည့် ဆာလံကျမ်း ၁၀၇း၂၈–၃၀ ၌လည်းကြိုတင်ဖော် ပြပြီးသားဖြစ်သည်။ တခါက ”ကပေရနောင်” မြို့နား တွင်ရှိသော ”ဂါလိလဲ” အိုင်၏ကမ်းခြေတနေရာ၌ တရားဟောအပြီး ယေရှုခရစ်က၊ “အိုင်တစ် ဖက်ကမ်းသို့ကူးကြကုန်အံ့” ဟုမိန့်တော်မူလျှင်၊ တပည့်တော်တို့သည် လူစုဝေးရာမှ ထွက်၍ လှေပေါ်၌ရှိနှင့်သော ကိုယ်တော်ပါလျက်သွားကြ၏။ တဖက်ကမ်း “ဂါဒရ” ပြည်ရှိရာသို့ လှေသင်္ဘောဖြင့် ရွက်လွှင့်ကူးသွားကြသည်။ လမ်းခရီး၌ ရုတ်တရက် လေမုန်တိုင်းကျ ရောက်လာကာ လှိုင်းရိုက် သွင်းသဖြင့် လှေသည်ရေနှင့် ပြည့်လု မတတ်ရှိလေ၏။ ကိုယ်တော်ကားလှေပဲ့ပိုင်း၌ အိပ်စက်လျက် နေတော်မူ၏။ တပည့် တော်တို့သည် ကိုယ်တော်ကို နှိုးပြီးမှ၊ “အရှင်ဘုရား၊ အကျွန်ုပ်တို့ရေနစ် သေဆုံးသည်ကို ဂရုပြုတော်မမူသလော။” ဟုမေးလျှောက်ကြ၏။ ကိုယ်တော်သည် အိပ်ရာမှနိုး တော်မူ၍ လေနှင့်လှိုင်းများအား “ဆိတ်ဆိတ်နေလော့၊ ငြိမ်သက်လော့” ဟု အမိန့် တော်မူ၏။ လေသည်ငြိမ်သွား၏။ လှိုင်းလည်းမထတော့ပေ။ ကိုယ်တော်ကလည်း၊ တပည့်တော်တို့အား “အဘယ် ကြောင့် ဤမျှလောက် ကြောက်လန့်ကြသနည်း။ ယခု တိုင်အောင်ပင် သင်တို့သည် ငါ့အပေါ် ၌ ယုံကြည်ကိုးစားမှု ကင်းလျက် ရှိနေကြသနည်း။” ဟုမေးတော်မူ၏။ ထိုနည်းတူ ကျွန်ုပ်တို့၏ဘဝတွင် တခါတရံ မိုးတိမ်အများ ထူထပ်များပြားလာမည်။ မိုးသည်းထန်စွာရွာသွန်းသည့်အပြင် ဘူးလေးရာဖရုံဆင့် ဟုဆိုသလို လောက လေပြင်းမုန်တိုင်းပါ ကြမ်းကြမ်းတမ်းတမ်း သဲသဲမဲမဲ တိုက်ခတ်မည်။

ဥပမာအားဖြင့်ပြောရလျှင် အလုပ်ခွင်၌ ကိုယ့်အထက်အရာရှိနှင့် အဆင်မပြေဖြစ်ချင် လည်းဖြစ်မည်။ လုပ်ဖေါ်ဆောင်ဖက်များနှင့် အဆင်မပြေ ဖြစ်ချင်လည်းဖြစ်မည်။ အလုပ်မှ Layoff ခံရတော့မည့်အခြေအနေသို့ ရောက်ချင်လည်း ရောက်နေမည်။ ဒါမှမဟုတ် Layoff ခံရ၍ အလုပ်လက်မဲ့ဖြစ်ကာ အလုပ်ရှာနေတုံး၊ ရှာနေဆဲဖြစ်ချင် လည်းဖြစ်နေမည်။ အိမ်ထောင်ရေးအဆင်မပြေဖြစ်ချင်လည်းဖြစ်မည်။ ကိုယ်ကိုယ်တိုင် ဒါမှမဟုတ် ဇနီး၊ သားသမီး၊ မိဘဘိုးဘွား၊ ညီအစ်ကိုမောင်နှမထဲက အလွန်ဆိုးရွားသောရောဂါဝေဒနာကို ခံစားနေရ၍ စိတ်ဓါတ်ကျဆင်းပြီး မည်ကဲ့သို့ရှေ့ဆက်ရမည်ကို စဝေစဝါ ဖြစ်ချင် လည်းဖြစ်နေမည်။ တခြား မျှော်လင့်မထားသော ရင်ကျိုးစရာ ရင်နာစရာ ကြေကွဲဝမ်းနည်းမှုများ၊ မျှော်လင့်ချက်မရှိတော့ဘူးလို့ထင်ရသည့် ပြဿနာများ ကို ရင်ဆိုင်နေ သောအချိန် ဖြစ်ချင်လည်း ဖြစ်နေမည်။ ဤကဲ့သို့ လောကမုန်တိုင်းများ တိုက်ခတ်သည့်အချိန် တခါတရံ အသက်ရှုမှားလောက်အောင်၊ ကြောက်ရွံ့ထိတ်လန့် စရာကောင်းလောက်အောင်၊ နှလုံးတုန်ရင်ခုန်စရာ ကောင်းလောက်အောင် မုန်တိုင်း များတခုပြီးတခု ဆက်တိုက် မရပ်တမ်း၊ မနားတမ်း၊ တိုက်ခတ်တတ်ပါသည်။ ဤအချိန်တွင် ဤမုန်တိုင်းများ ကိုသာ အာရုံစူးစိုက်ပြီး ကြည့်နေ မည်ဆိုလျှင် ကျွန်ုပ် တို့၏စိတ်ဝိဉာဉ် လေသင်္ဘောသည် လောကမုန်တိုင်း၏လှိုင်းများ ရိုက်သွင်းသဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်း၊ စိုးရိမ် ပူပန်ခြင်း၊ တုန်လှုပ်ခြောက်ချားခြင်းများ ပြည့်လုမတတ် ဖြစ်သွားနိုင်သည်။ ဤကဲ့သို့ လောကမုန်တိုင်း သဲမဲစွာ ပြင်းထန်စွာ တိုက်ခတ်နေသော လောကပင်လယ်ထဲ၌ နေ့စဉ်ရက်ဆက်၊ ဝမ်းနည်းစိတ်ပျက်၊ ရင်ကွဲ ပက်လက်ဖြစ်ကာ ကြီးမား၊ ကြမ်းတမ်း၊ ကြောက်မက်ဘွယ်ရာကောင်းသော အပြစ် လှိုင်းလုံးများကို တဟောဟော တဟဲဟဲ တလူးလူး တလိမ့်လိမ့် တယိမ်းယိမ်း တယိုင် ယိုင်နဲ့ မနိုင်မနင်းသောကမီး ပူလောင်လျက် ပူဆွေးလျက် ပင်ပန်းကြီးစွာ ချွေးမြေ တတောက်တောက်ကျသည်အထိ သင့်စိတ်ဝိဉာဉ်လေသင်္ဘောကို အကူအညီမရှိဘဲ သင်တဦးတည်းပဲ့ကိုင်နေသလား။ လက်ပန်းကျနေပြီလား။ တကိုယ်တည်း ကြောက် ကြောက်ရွံ့ရွံ့ နှင့် ဆက်လက်ရင်ဆိုင်နေဦးမှာလား။ လက်မြှောက်အရှုံး ပေးတော့မှာလား။ သင့်စိတ်ဝိဉာဉ် လွှမ်းမိုး၊ နစ်မြုပ်ခြင်းခံ တော့မှလား။ လှေပဲ့ပိုင်း၌ငြိမ်သက်စွာ အိပ်စက်နေသည့်ယေရှုခရစ်ကို အာရုံပြုလိုက်ပါ။ ကိုယ်တော့် ကျေးဇူးတော်သည် ကျွန်ုပ်တို့အတွက် လုံလောက် သည်ကိုသိသော် ငြားလည်း၊ တခါတရံ ယုံကြည်မှု အားနည်းသောအခြေအနေနှင့် ကြုံတွေ့သောအခါ၊ ပင်လယ်၊ မြေကြီးနှင့်မိုးကောင်းကင်အပါအဝင် အရာခပ်သိမ်းကို ပိုင်သသော အရှင်သခင် ဖြစ်သည့် ယေရှုခရစ်ကို အော်ဟစ်ပြီး တပည့်တော်များနှိုးသလိုနှိုးလိုက်ပါ။

အကူအညီ တောင်းလိုက်ပါ။ ကိုယ်တော်နိုးလာမည်။ လေကြီး၊ မိုးကြီး နှင့် လှိုင်းကြီး တို့ငြိမ်သွားအောင် "ဆိတ်ဆိတ်နေလော့၊ ငြိမ်သက်လော့" ဟု အမိန့်တော်ပေးလိုက် မည်မှာ မြေကြီးလက်ခတ်မလွဲ သေချာပါသည်။ လောကလှိုင်းလုံးများ ဖြစ်သည့် သင့်စိုးရိမ်မှု၊ သင့် ပူပန်မှု၊ သင့်ကြောက်မ်းရွံ့မှု၊ သင့်ပူဆွေးမှု၊ သင့်နာကျင်မှု လှိုင်လုံးအားလုံး တို့ကို ယေရှုခရစ်က ငြိမ်သက်သွားစေမည်။ စိတ်၏ငြိမ်သက်ခြင်း ပြန်လည်ရလာမည်။ ရင်ဆိုင်ရဲသောသတ္တိ ရှိလာမည်။ ခွန်အားပြန်လည်ပြည့်လာမည်။ အချိန်တန်လျှင် နွားပိန် ကန်လိမ့်မည်။ လမ်းပြန်ပွင့်လာမည်။ ကိုယ့်ကိုယ်ကို ယုံကြည်သောစိတ် ပြန်ပြည့်လာမည် ဖြစ်သဖြင့် ကြုံရ ဆုံရသော ဘဝမှုန်တိုင်း တိုက်ခတ်သော ပြဿနာများ ကို ကိုယ်တော့်ကျေးဇူးတော်အားဖြင့် ကိုယ်တော့်ထံမှ ရရှိသောခွန်အား အားဖြင့် ပို၍ငြိမ်သက်စွာ ပို၍ထိရောက်စွာ ပို၍ပိုင်နိုင်စွာ ပို၍တိကျပြတ်သားစွာ ဖြေရှင်းသွားနိုင်မည် ဖြစ်သည်။

အချုပ်အနေဖြင့်ပြောရမည်ဆိုလျှင် ကျောက်ချရပ်နားနေစဉ် ကျွန်ုပ်တို့၏စိတ်ဝိဉာဉ်လှေသင်္ဘော တိုက်ခတ်လာသော ဘဝမှုန်တိုင်း၏ လှိုင်းများနှင့် မျှောပါမသွားအောင်၊ ငြိမ်သက်ခြင်းရအောင်၊ မြဲမြံစွာ လုံခြုံစွာ ခိုင်မြဲစွာ ထိန်းပေးထားနိုင်မည့် အထိရောက်ဆုံး၊ အကောင်းဆုံး၊ အတည်မြဲဆုံး၊ အလုံခြုံဆုံး၊ ကျောက်ဆူးကတော့ မနေ့၊ ယနေ့၊ နောင်ကာလ ဘယ်တော့မှ မပြောင်းလဲတဲ့ ယေရှုခရစ်ပေးတော်မူသော မျှော်လင့်ခြင်းပင်ဖြစ်သည်။

လောကပင်လယ်ထဲ၌ ခရီးသွားခုတ်မောင်းနေစဉ် ကျွန်ုပ်တို့၏ စိတ်ဝိဉာဉ်လှေသင်္ဘော ပေါ်၌ "ဆိတ်ဆိတ်နေလော့၊ ငြိမ်သက်လော့" ဟုအမိန့်ပေးနိုင်သည့် ပင်လယ်၊ မြေကြီး နှင့် မိုးကောင်းကင်အပါအဝင် အရာရာခပ်သိမ်းကို ပိုင်သသော အရှင်သခင် ဖြစ်သည့် ယေရှုခရစ်လိုက်ပါလာလျှင် လောကလေပြင်းမှုန်တိုင်းကို မကြောက်ရတော့ပါ။

တွေ့ကြုံခံစားရတဲ့ ကောင်းချီးမင်္ဂလာများကို တခုချင်းစီ ရေတွက်ကြည့်ပါ။ လူးလိမ့် အောင်ခံလိုက်ပြီး ကျော်လွှန်လာတဲ့လောကမှုန်တိုင်းများကိုလည်း တခုချင်းစီပြန်လည် ရေတွက်ကြည့်ပါ။ ဓါးကိုပိုသွေးလေလေ ပိုထက်လာလေလေ ဖြစ်သကဲ့သို့ ကျော်လွှန် ခဲ့သောမှုန်တိုင်းများလေလေ အတွေ့အကြုံပိုမိုရင့်ကျက်လာလေလေ ဝိဉာဉ်ခွန်အားလည်း ပိုမိုတိုးတက်လာလေလေဖြစ်သည်ကိုတွေ့ရမည်။ ပြုတော်မူသော ကျေးဇူးတော်သည် အလွန်အံ့သြဖွယ်ကောင်းလှကြောင်း တွေ့ရမည်။ ယေရှုခရစ်ကိုအမှီပြု၍ ငြိမ်သက်ခြင်းရရှိစေခြင်းငှါ ကိုယ်တော်ပြောခဲ့သည်မှာ ကျွန်ုပ်တို့သည် လောက၌ဆင်းရဲ ဒုက္ခကိုခံရကြလိမ့်မည်။ ခက်ခဲမှုများ၊ စိန်ခေါ် မှုများနှင့်ကြုံတွေ့ရမည်။ သို့သော်လည်း စိုးရိမ်ရန်မရှိပါ။ အကြောင်းမူကား ကိုယ်တော်သည် လောကကို အောင်ပြီဟု

မိန့် တော်မူခဲ့ပြီးဖြစ်သည်။ (**ယောဟန် ၁၆း၃၃**)

ဓမ္မဟောင်းကျမ်းတွင်လည်း ထာဝရဘုရားက မောရှေနေရာကို အသစ်စက်စက် ဆက်ခံသောယောရှုကို မှာကြားခဲ့သလို ကျွန်တော် ကျွန်မတို့တယောက်စီကိုလည်း **ယောရှုမှတ်စာ ၁း၉** တွင်ပါသည့်အတိုင်း ဤသို့ မှာကြားပါသည်။ "သင့်ကိုငါမှာထားသည်မဟုတ်လော။ အားယူ၍ ရဲရင့်ခြင်းရှိလော့။ စိတ်မပျက်နှင့်။ သွားလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရားရှိသည်။"

ဓမ္မာကျမ်းသစ်တွင် ယေရှုခရစ်က **ယောဟန် ၁၄း၂၇** တွင်ပါသည့်အတိုင်း ဤသို့ မှာကြားခဲ့ပါသည်။ "ငြိမ်သက်ခြင်းကို သင်တို့၌ ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကီသားတို့ပေးသကဲ့သို့ ငါပေးသည်မဟုတ်။ သင်တို့ စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့်။"

ထို့ကြောင့် ယေရှုခရစ် ပေးတော်မူသော ခိုင်ခန့်မြဲမြံသည့် မျှော်လင့်ချက် ကျောက်ဆူးဟူသော ကျေးဇူးတော်ကို ချီးမွမ်းကြရအောင်။ လောက ပင်လယ်ထဲ၌ ခရီးသွားရာ တွင် ဖြစ်ပေါ်လာသော လောကမှုန်တိုင်းများကို ငြိမ်သက်စေရန် အတူလိုက်ပါလာ သော ယေရှုခရစ်၏ကျေးဇူးတော်ကိုချီးမွမ်းကြရအောင်။ နေသာသည်ဖြစ်စေ၊ မိုးရွာသည်ဖြစ်စေ၊ လေပြင်းမှုန်တိုင်းတိုက်ခတ်သည်ဖြစ်စေ အရာအရာတိုင်းမှာ ကျေးဇူးတော်ကို ချီးမွမ်းကြပါစို့။

ဘဝပင်လယ်ထဲ သွားသောခရီးစဉ်တလျှောက် တားဆီးမှု ခက်ခဲမှု စိန်ခေါ်မှု လောကမှုန်တိုင်းများကို အောင်မြင်စွာ ကျော်လွှားနိုင်စေရန်၊ ဘုန်းတော်ထင်ရှားစေရန် ကိုယ်တော့်ကို နှိုးဖို့မလိုဘဲ ကိုယ်တော့်ကို ယုံကြည်ကိုးစားတတ်အောင် အတတ်နိုင်ဆုံး ကြိုးစားကြပါစို့။ အာမင်။

~ John Ma ~

++++++++++++++++++++++++++++++++++++

# Bible Study

# Topic: Midwife To The Soul

**Spiritual Lesson Guide**

**Needed Materials**

File/folder, paper, pen or pencils, the Bible, and song books

**A) Greetings, introduction to the lesson plans of the month and opening prayer**

**B) Summon up (Recall) the last week's topic and lessons (16th November, 2014)**

**Topic: Christian Home For Pilgrimage (Lessons)**

1) We are to love God. God emphasized the importance of parents' teaching the Bible to their children.
2) Family relationships are so important in God's eyes. A person who neglects his or her family responsibilities has denied the faith.
3) Parents have a special place in God's sight. Even those who find it difficult to get along with their parents are still commanded to honor them.
4) One of the greatest responsibilities of parents is to encourage their children to become wise. Although all wisdom comes from God, parents can urge their children to turn to Him.
5) The greatest responsibility that God gives parents is the nurture and guidance of their children. Inheritance will be followed after a good nurturing of your parents.
6) Spiritual leadership begins at home.
7) Joshua had made a commitment to God, and he was willing to set the example of living by that decision.

**Bible Application**

1) Teach each other to love the God with our hearts, souls, and strengths.
2) Maintain your faith in God by taking care of your family members.

3) Honor your parents.
4) Guide each other to be wise by worshipping God.
5) Nurture your children (friends) according to God's Will.
6) Always remember to take care of your family.
7) Be a good example (model) to your children (others).

……………………………………………………………………….

**C) Teaching Steps on "Midwife To The Soul"**

**1) Life Need (Hook)**

1) Have you ever met a midwife (experienced the help of a midwife) in your life? When?
2) Have you ever heard about midwives from the Bible?
3) If yes, name two of them.
4) How do you think of the main responsibility of a midwife?
5) How do you think of the feelings of a midwife after a successful delivering of a baby?

**2) Bible Learning (Ask volunteers to read the following scriptural verses loudly) (Book)**

1) Then his sister asked Pharaoh's daughter, "Shall I go and get one of the Hebrew women to nurse the baby for you?" Yes, go," she answered. So the girl went and got the baby's mother. (Exodus 2:7-8)
   - Miriam quickly took the initiative to suggest a nurse (her mother) who might care for the baby. Special opportunities may come our way unexpectedly.

2) Then they moved on from Bethel. While they were still some distance from Ephrath, Rachel began to give birth and had great difficulty. And as she was having great difficulty in childbirth, the midwife said to her, "Don't despair, for you have another son. (Genesis 35:16-17)
   - As a midwife rejoices in a new creation (the baby), we also must celebrate the beauty of the tiny new creature.

3) The king of Egypt said to the Hebrew midwives, whose names were Shiphrah and Puah, "When you are helping the Hebrew women during childbirth on the delivery stool, if you see that the baby is a boy, kill him; but if it is a girl, let her live." The midwives, however, feared God and did not do what the king of Egypt had told them to do; they let the boys live. (Exodus 1:15-17)
   - Midwives help women give birth and care for the baby until the mother was stronger. They are committed to helping babies be born.

4) So God was kind to the midwives and the people increased and became even more numerous. And because the midwives feared God, he gave them families of their own. (Exodus 1:20-21)
   - God blessed who save the lives of innocent people.

5) Come to me, all you who are weary and burdened, and I will give you rest. (Matthew 11:28)
   - Jesus frees people from all burdens. The rest that Jesus promises is love, healing, and peace with God, not the end of all labor.

6) Instead, we were like young children among you. Just as a nursing mother cares for her children, so we cared for you. Because we loved you so much, we were delighted to share with you not only the gospel of God but our lives as well. (1 Thessalonians 2:7-8)
   - Gentleness is love in action—being considerate, meeting the needs of others, allowing time for the other person to talk and being willing to learn.

7) Offer hospitality to one another without grumbling. Each of you should use whatever gift you have received to serve others, as faithful stewards of God's grace in its various forms. (1 Peter 4:9-10)
   - Getting ready to meet Christ involves continually growing in love for God and for others. It is important to pray and to reach out to needy people.

**3) Bible Application (Look)**

1) Focus on God and trust him for the way out.
2) Commit to helping people to be born again.
3) Rejoice with a new creation (born again person).
4) Love and live your precious life and help others to do so.
5) Build the intimate relationship with God so that your meaningless and wearisome life will be changed into spiritual productivity and purpose.
6) Maintain a gentle attitude in your relationships with others.
7) Invest your time and talents where they will make an eternal difference.

**4) Life Response (Took)**

1) Who is your spiritual midwife (midwives)?

2) If you are a midwife, what would you do for the safety of both mother and a new born baby?

3) Do you want to become a spiritual midwife (spiritual director/soul friend) for your friend? If yes, what would you do?

4) Write down three good things about "gentleness."

**D) Song "STILL"**

(1) Hide me now, under Your wings, Cover me, within Your mighty hand

CHO: (When the oceans rise and thunders roar, I will soar with You above the stormFather, You are King over the flood, I will be still, know You are God.)

(2) Find rest my soul, in Christ alone, know His power in quietness and trust

**E) Announcement**
For the next week (5th week of November), think about "Always With You."

**F) Words of thanks and closing prayer**

**- Saya Joseph-**